# အသေးစားရံပုံငွေလျှောက်လွှာပုံစံများ

(အစိမ်းရောင်က NNGO အတွက်/ ရွှေရောင်ကရပ်ရွာအဖွဲ့ငယ်များ-အုပ်စုများအတွက်)

၁။ လျှောက်ထားသူ၏ အသေးစိတ်အချက်အလက် လျှောက်လွှာ

၂။ ရပ်ရွာမှအဖွဲ့ငယ်များ/အုပ်စုများက လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းများ အတွက် အသုံးပြုရမည့် အသေးစားစီမံကိန်းအဆိုပြုလွှာပုံစံ

၃။ အသေးစားရံပုံငွေလျှောက်လွှာများကို စီစစ်ရမည့် အချက်များ

၄။ အဆိုပြုလွှာကို စီစစ်သည့်အဖွဲ့များမှ အဆိုပြုလွှာများကို စီစစ်ရာတွင် ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ရာတွင် အသုံးပြုရမည့် ပုံစံ

၅။ ချုပ်ဆိုရမည့် စာချုပ်ပုံစံ

၆။ ရပ်ရွာလူထုများမှ ပစ္စည်းများဝယ်ယူရာတွင် အသုံးပြုရမည့် လမ်းညွှန်ချက်

၇။ ရံပုံငွေရရှိသူများမှ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာကို ရေးသားရမည့် လမ်းညွှန်ချက်

၈။ ရံပုံငွေရရှိသူများမှ အပြီးသတ် ငွေစာရင်းရှင်းလင်းခြင်းအစီရင်ခံစာကို ရေးသားရမည့် လမ်းညွှန်ချက်

*Micro-grant Format#1*

**လျှောက်ထားသူ/အဖွဲ့အစည်း၏ အသေးစိတ်အချက်အလက်**

၁။ အဖွဲ့အစည်း၏ တည်နေရာ

၂။ အဖွဲ့ကို ဦးဆောင်သူ (၃)ဦး၏ အမည်နှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ (ဖြစ်နိုင်ပါက)

| အမည် | တာဝန်/ရာထူး | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|
| | | | |
| | | | |
| | | | |

၃။ အဖွဲ့၏အကြောင်း အကျဉ်းချုပ်ဖော်ပြချက်

က) အဖွဲ့စတင်ဖွဲ့စည်းသည့်နေ့ -

ခ) အဖွဲ့ဘယ်လိုပေါ်ပေါက်လာတာလဲ -

ဂ) အဖွဲ့ကိုဘာရည်ရွယ်ချက်နဲ့ဖွဲ့တာလဲ -

ဃ) အဖွဲ့၏ထူးခြားချက် -

ဃ) အဖွဲ့ဝင်ဦးရေနှင့် အဖွဲ့ဝင်များအကြောင်း (အသက်၊ ကျား/မ၊ လူမျိုး၊ ဘာသာ၊ စသည်ဖြင့်)

| စဉ် | အမည် | အသက် | ကျား/မ | လူမျိုး | ပညာအရည်အချင်း | တာဝန် |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |

၄။ ရပ်ရွာလူထုအတွက် အဖွဲ့အနေဖြင့် လုပ်ဆောင်ခဲ့သော ပရဟိတ လုပ်ငန်းများကို ဖော်ပြပေးပါ။

၅။ အဖွဲ့၏ အားသာချက်များကို ဖော်ပြပေးပါ။ ဒီအဖွဲ့ကဘာလုပ်နိုင်လဲ။

၆။ ယခင်ကအလှူရှင်များထံမှ ရံပုံငွေများ လက်ခံရရှိဖူးပါသလား။ (လက်ခံရရှိဖူးသည်ဆိုပါက မည်သူ/မည်သည့်အဖွဲ့အစည်းနှင့် ယေဘုယျ ရန်ပုံငွေပမာဏကို ဖော်ပြပေးပါ။)

| အဖွဲ့အမည် | ရရှိသောအကူအညီ | အချိန်ကာလ |
|---|---|---|
| ဥပမာ - Save the children | ဥပမာ - စားနပ်ရိက္ခာ၊ ဆေးဝါး၊ မိုးကာငွေသား စသည်ဖြင့် | |
| | | |

၇။ အဖွဲ့၏ ရိုးသားဖြောင့်မတ်မှုနှင့်ပါတ်သက်၍ လွတ်လပ်သော လူထုသတင်းပေးသူများထံမှ သိရှိရသော အချက်များ။ (အလွန်ကောင်းပါသည်။ အသင့်အတင့်။ အားနည်းသည်။ မသိပါ။ အခြားမှတ်ချက်ပေးရန်)

၈။ အဖွဲ့ကို သိရှိသူ(၃)ဦး၏ အမည်နှင့် လက်မှတ်များ

*Micro-grant Format#2*

*(ရပ်ရွာလူထုကရေးသားရပါမည်)*

**ရပ်ရွာလူထုများမှ အသုံးပြုရမည့် စီမံကိန်းလျှောက်လွှာပုံစံ**

၁. စီမံကိန်းလျှောက်ထားသည့်နေ့စွဲ -

၂. လုပ်ဆောင်မည့် လုပ်ငန်းအမည် -

၃. လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာတင်ပြနိုင်မည့်ရက်စွဲ -

၄. လုပ်ငန်းလုပ်ဆောင်မည့်တည်နေရာ -

၅. ဆက်သွယ်ရမည့် ကိုယ်စားလှယ်များ၏အကြောင်းအရာ (အနည်းဆုံး ၃ဦး)

| အမည် | တာဝန်/ရာထူး | ကျေးရွာ | ဖုန်းနံပါတ် |
|---|---|---|---|
| | | | |
| | | | |
| | | | |

၆. စီမံကိန်းအသေးစိတ်ဖော်ပြချက်

၆-က - အသေးစားစီမံကိန်း လျှောက်ထားရသည့် အကြောင်းရင်း (ကြုံတွေ့ရသည့်အခက်အခဲ)

၆-ခ - ထိုအခက်အခဲကို ဖြေရှင်းမည့်နည်းလမ်းနှင့် လိုအပ်သည့်အရင်းအမြစ်များ၊ (ပစ္စည်း၊ငွေသား၊လုပ်အား၊ နည်းပညာ)

၆-ဂ - သင်တို့ (အဖွဲ့မှ (သို့) လူထုမှ ) လုပ်ဆောင်မည့် လုပ်ငန်း၏ရည်ရွယ်ချက်ကိုဖော်ပြပေးပါ။ (ဆိုလိုသည်မှာ မည်သည့် ရည်ရွယ် ချက်ကို အောင်မြင်အောင် လုပ်ဆောင်လိုပါသလဲ။)

၆-ဃ - အကျိုးခံစားရမည့်သူများ (၁၈နှစ်အောက်နှင့် ၁၈နှစ်အထက်လူဦးရေ ခွဲခြား၍ စာရင်းပေးပို့ပါရန်)

| ရပ်ရွာအမည် | ဘေးဒုက္ခသင့် မိသားစု | | | | ရပ်ရွာမိသားစု | | | | စုစုပေါင်း | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | မိသားစု | ကျား | မ | ပေါင်း | မိသားစု | ကျား | မ | ပေါင်း | မိသားစု | ကျား | မ | ပေါင်း | |
| ရွာ ၁ | | | | | | | | | | | | | |
| ရွာ ၂ | | | | | | | | | | | | | |
| စုစုပေါင်း | | | | | | | | | | | | | |

၆-င - အကောင်အထည်ဖော်လုပ်ဆောင်မည့်လုပ်ငန်းစဉ်အဆင့်ဆင့် **(CF များက အသေးစိတ်ရှင်းပြရန်)** လုပ်ဆောင်မည့်လုပ်ငန်းအသေးစိတ်ကို ရေးသားဖော်ပြပေးပါ။ အောက်ဖော်ပြပါဇယားတွင် လုပ်ငန်းအစီအစဉ်ကို ဖြည့်သွင်းပေးပါ။ ဇယားကွက်တစ်ခုတွင် လုပ်ငန်းတစ်မျိုးကိုသာဖြည့်သွင်းပြီး ဇယားကို သင်လိုအပ်သလောက် ထပ်ဖြည့်နိုင်ပါသည်။

| **လုပ်ဆောင်မည့်လုပ်ငန်းများ** | **စတင် လုပ်ဆောင်မည့်နေ့** | **ခန့်မှန်းခြေ ပြီးဆုံးမည့်နေ့** | **လုပ်ဆောင်မည့်သူ** |
|---|---|---|---|
| | | | |
| | | | |

၇. ဤစီမံကိန်းလုပ်ငန်း လုပ်ဆောင်ခြင်းဖြင့် ရရှိနိုင်မည့် ရေတို/ရေရှည် အကျိုးဖြစ်ထွန်းမှုများ

၈. မိမိတို့လုပ်ဆောင်မည့်လုပ်ငန်းအတွက်ကုန်ကျစရိတ်ကို ခန့်မှန်းတွက်ချက်မှု (လက်ရှိပေါက်ဈေးကို စုံစမ်းကာ ထည့်သွင်းတွက်ချက်ရမည်ဖြစ်သည်)

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ဈေးနှုန်း | ကျသင့်ငွေ | အကူအညီတောင်းခံမည့် ငွေပမာဏ | ရပ်ရွာ/အခြား အဖွဲ့အစည်း၏ ထည့်ဝင်ငွေ | အသေးစား စီမံကိန်း အတွက် ကျသင့်ငွေ စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | | | | | | | |
| ၂။ | | | | | | | |
| ၃။ | | | | | | | |

*(လိုအပ်သလို လိုင်းများကိုဖြည့်စွက်အသုံးပြုပါရန်)*

၉. အားလုံးသိကာအမြင်ရှင်းစေရန် ငွေကြေးကိုမည်ကဲ့သို့သုံးစွဲထိန်းသိမ်းမည်နည်း။ ငွေစာရင်းကို မည်ကဲ့သို့ ရှင်းမည်နည်း။

၁၀. မည်သူမှ ရန်ပုံငွေများကို မည်ကဲ့သို့ လုံခြုံစွာထိန်းသိမ်းထားရှိမည်ကို ဖော်ပြပေးပါ။

၁၁. ရရှိလာသော ရံပုံငွေများကို ရပ်ရွာအတွင်းရှိလူအများမှသိရှိပြီး သုံးစွဲရာတွင်လဲ ရပ်ရွာလူထုအများစုက သုံးစွဲခွင့်ကို အတည်ပြုနိုင်အောင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။

၁၂. လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံရေး/လုံခြုံရေးအရ သက်ရောက်လာနိုင်သော အန္တရာယ်ရှိနိုင်ပါသလား။ ရှိနိုင်သည်ဆိုပါက ဖော်ပြပေးပါ။ ၎င်းအန္တရာယ်အခက်အခဲကို မည်ကဲ့သို့ ရင်ဆိုင်ဖြတ်ကျော်မည်ကို ဖော်ပြပေးပါ။

၁၃. ဤအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းသည် ကျေးရွာအတွင်းတွင် လုပ်ဆောင်လျှက်ရှိသော အခြားဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်၍ လုပ်ဆောင်မည်ဆိုပါက ဖော်ပြပေးပါ။

၁၄. အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းသည် မည်သည့်အချိန်တွင်ပြီးဆုံး၍ ကူညီပံ့ပိုးပေးသော အဖွဲ့ထံသို့ လုပ်ငန်းနှင့် ငွေစာရင်းအစီရင်ခံစာများကို ဘောက်ချာစာရွက်များနှင့်တကွ တင်ပြနိုင်မည့် ရက်/ ရက်သတ္တပတ်ကို ဖော်ပြပေးပါ။

၁၅. စီမံကိန်းကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အဖွဲ့အနေဖြင့် ငွေကြေးကုန်ကျမှုမရှိသော အထောက်အပံ့များ (နည်းပညာအသစ်များ၊ ပစ္စည်းကိရိယာများငှားရမ်းသုံးစွဲခြင်း၊ ချိတ်ဆက်လုပ်ဆောင်ခြင်း/မိတ်ဆက်ပေးခြင်းနှင့် စီမံခန့်ခွဲမှုစွမ်းရည်) လိုအပ်ပါသလား။ လိုအပ်ပါက ဖော်ပြပေးပါ။

၁၆. ရပ်ရွာလူထုရှိ သက်သေသုံးဦးမှ အဖွဲ့နှင့် ဤအဆိုပြုလွှာကို အတည်ပြုကြောင်း လက်မှတ်ထိုးပေးပါရန်။

**အသေးစားရံပုံငွေလျှောက်လွှာများကို စီစစ်ရမည့် အချက်များ**

| *မေးခွန်းတစ်ခုခြင်းစီအား အောက်ဖော်ပြပါ အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်အမှတ်ပေးပါရန် - အလွန်ကောင်းသည်(၃)၊ အသင့်အတင့် (၂)၊ အားနည်းသည် (၁)၊ အလွန်အားနည်းသည် (-၁)၊ မသိပါ (?)၊ အသုံးပြု၍ မရပါ (မရ)* | **ရမှတ်** |
|---|---|
| **၁။ အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ**<br>က) ဤအဖွဲ့သည် ယခင်ကတည်းကရှိနှင့်ပြီးသားလား၊ ဤအဖွဲ့သည် လူမှုရေးလုပ်ငန်းများကို ရပ်ရွာလူထုများအားလုံးအတွက် လုပ်ဆောင်နေပါသလား။ | |
| ခ) ရပ်ရွာလူထုများအနေဖြင့် ဤအဖွဲ့၏ သမာသမတ်ကျမှုနှင့် တရားဝင်မှုကို ဘယ်လိုသတ်မှတ်ပါသလဲ။ | |
| ဂ) ဤအဖွဲ့တွင် ၎င်းတို့၏စီမံကိန်းကို ထိရောက်စွာစီမံခန့်ခွဲလုပ်ဆောင် နိုင်ရန်အတွက် လိုအပ်သော စွမ်းရည်ရှိသည်ဟု ထင်ပါသလား။ | |
| ဃ) ဤအဖွဲ့၏ ရံပုံငွေလက်ခံခြင်းနှင့် စီမံခန့်ခွဲမှု အတွေ့အကြုံ ဘယ်လိုရှိပါသလဲ။ (ငွေကြေးစီမံခန့်ခွဲနိုင်မှု စွမ်းရည်) | |
| င) လျှောက်ထားသည့်အဖွဲ့၏ ခေါင်းဆောင်များတွင် ကျား/မခွဲခြားဆက်ဆံမှု၊ လူမျိုးနှင့် အခြားကိစ္စများ မျှတစွာပါဝင်ပါသလား။ | |
| စ) ဤအဖွဲ့အနေဖြင့် ဦးတည်အုပ်စုနှင့် ဒေသနှင့်ပတ်သက်ပြီး ယခင်က အတွေ့အကြုံနှင့် အဆက်အသွယ်ရှိပါသလား။ ဒေသတွင်းတွင် ချက်ခြင်းတုန်ပြန်ဆောင်ရွက်နိုင်သည့် စွမ်းရည် ရှိပါသလား။ | |
| **၂။ အဆိုပြုလွှာဆိုင်ရာကိစ္စရပ်များ**<br>က) ဒေသခံလူထုများ၏ ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပြန်လည်တည်ထောင် နိုင်ရန်အတွက် အဆိုပြုလွှာပါ ရည်ရွယ်ချက်နှင့်လုပ်ငန်းများသည် ကိုက်ညီဆီ လျော်မှုရှိပါသလား။ | |
| ခ) အဆိုပြုလွှာပါ အကျိုးခံစားခွင့်ရှိသူများသည် ရှင်းလင်း၍ ကြောင်းကျိုး ဆီလျော်မှုရှိပါရဲ့လား။ | |
| ဂ) အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်သည် မည်မျှ အားကောင်းပါသလဲ။ ဆိုလိုသည်မှာ စီမံကိန်းရည်ရွယ်ချက်ကို ထိရောက်စွာ လုပ်ဆောင်နိုင်မည့် အကောင်းဆုံးနည်းလမ်း ဟုတ်ပါသလား။ | |
| ဃ) သယ်ယူပို့ဆောင်ရေး အစီအမံများသည် ကောင်းမွန်စွာရေးဆွဲထားပါသလား။ (စီးပွားရေးအရ တွက်ခြေကိုက်မှု) | |
| င) ရန်ပုံငွေလျာထားချက် တွက်ချက်မှုသည် မည်မျှ လက်တွေ့ကျ၊ တိကျပြီး၊ စီးပွားရေးအရတွက်ခြေကိုက်စေရန် တွက်ချက်ထားပါသလဲ။ | |
| စ) ရပ်ရွာလူထုထည့်ဝင်မှုသည် ဘယ်လောက် ထင်ရှားပါသလဲ။ (စေတနာ့ဝန်ထမ်း၊ ငွေသား၊ ပစ္စည်း) | |
| ဆ) ဒေသတွင်းရှိ တာဝန်ခံတာဝန်ယူမှု၊ ပွင့်လင်းမြင်သာမှု၊ တိုင်ကြားနိုင်မှုနှင့် ဆက်သွယ်ရေး ကိစ္စများသည် လုံလောက်မှုရှိပါရဲ့လား။ | |

| | |
|---|---|
| ဇ) စီမံကိန်းသည် ဒေသအတွင်းရှိ ဆက်နွယ်နေသည့် အခြားအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်မှုရှိပါသလား | |
| ဈ) စီမံကိန်းသည် ရပ်ရွာလူထု၏ စည်းလုံးမှု၊ ပေါင်းစည်းညီညွတ်မှုများကို ပိုမိုအားကောင်းစေပါသလား (သို့မဟုတ် ရပ်ရွာလူထုအကြား ပိုမို၍ အကွဲကွဲအပြားပြား ဖြစ်စေနိုင်သည့် အန္တရာယ်များ ရှိပါသလား) | |
| ည) စီမံကိန်းသည် လုံခြုံရေးနှင့်နိုင်ငံရေးဆိုင်ရာ ထိရှလွယ်မှုများကို လုံလောက်စွာ ထည့်သွင်းတွက်ချက်ထားပါသလား။ သို့မဟုတ် နောက်ထပ်ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများကို တားဆီးကာကွယ်ရန် လုပ်ဆောင်ထားခြင်းရှိပါသလား။ | |
| **ရမှတ်စုစုပေါင်း** | |

**<u>၃. ထပ်ဆောင်း စိစစ်လုပ်ဆောင်ချက်</u>**

ဤအဖွဲ့အစည်း၏တရားဝင်ဖြစ်မှုကို ထပ်မံစီစစ်ရန်လိုသည်ဟု ထောက်ခံအကြံပြုလိုပါသလား။ လိုအပ်ခဲ့လျှင် အဘယ့်ကြောင့်လိုအပ်သည်ကို ရှင်းပြပေးပါရန်။

ဤအဆိုပြုစီမံကိန်းကို အတည်ပြုရန်အတွက် နည်းပညာ အကြံပြုမှု နောက်ထပ်လိုအပ်သည်ဟု ထောက်ခံအကြံပြု လိုပါသလား။ လိုအပ်ခဲ့လျှင် အဘယ့်ကြောင့်လိုအပ်သည်ကို ရှင်းပြပေးပါရန်။

ဤအဆိုပြုစီမံကိန်းကို အတည်ပြုရန်အတွက် ချထားရံပုံငွေ နောက်ထပ်ထောက်ပံ့ပေးရန် လိုအပ်ပါသလား။ လိုအပ်ခဲ့လျှင် အဘယ့်ကြောင့်လိုအပ်သည်ကို ရှင်းပြပေးပါရန်

*Micro-grant Format#4*

**<u>အသေးစားစီမံကိန်းလျှောက်လွှာ စီစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်မှတ်တမ်း (</u>** *အဖွဲ့အစည်းအတွင်းတွင်သာသုံးရန်)*

**အစည်းအဝေးကျင်းပသည့်နေ့စွဲ -**

အစည်းအဝေးတက်ရောက်သည့် အသေးစားစီမံကိန်းလျှောက်လွှာ စီစစ်ရေးအဖွဲ့ အဖွဲ့ဝင်များ

က) .................................................................................................... အမည် နှင့် လက်မှတ်

ခ) .................................................................................................... အမည် နှင့် လက်မှတ်

ဂ) .................................................................................................... အမည် နှင့် လက်မှတ်

*(အရေးပေါ်အစည်းအဝေးကျင်းပရန်လိုအပ်လာပါက တယ်လီဖုံး၊ စကိုက်ပ်၊ ဇူးမ် နည်းစနစ်များဖြင့် ဆွေးနွေးကျင်းပ နိုင်သည်)*

| စီစစ်သောအသေးစား အဆိုပြုလွှာ၏ အမည်နှင့် အမှတ်စဉ် | အသေးစားစီမံကိန်းလျှောက်လွှာ အတွက် စီစစ်ရေးအဖွဲ့ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ဆုံးဖြတ်ချက်များ | | |
|---|---|---|---|
| | ဒေါ်ပြာ | ဒေါ်ဂါ | ဒေါ်နီ |
| | | | |
| | | | |
| | | | |
| | | | |

ဆုံးဖြတ်ချက်များကို အသေးစားစီမံကိန်းလျှောက်လွှာ စီစစ်ရမည့်အချက်များကိုအခြေပြုကာ ဆုံးဖြတ်ချက်ချမည်။ အသေးစားစီမံကိန်းလျှောက်လွှာ စီစစ်ရေးအဖွဲ့ အဖွဲ့ဝင်များသည် အောက်ပါ ဆုံးဖြတ်ချက် ၄မျိုး အနက်မှ တမျိုးကို ရွေးချယ်သတ်မှတ်ရမည်။

***အသေးစားစီမံကိန်းလျှောက်လွှာစီစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ရွေးခြယ်ပါ။***

| ဆုံးဖြတ်ချက် | အမှန်ခြစ်ပါ |
|---|---|
| ၁။ လျှောက်ထားသည့်အတိုင်း အတည်ပြုခြင်းကို အလျှင်အမြန်ခွင့်ပြုလုပ်ဆောင်ပေးရမည့် အသေးစား စီမံကိန်းလျှောက်လွှာ | |
| ၂။ ရံပုံငွေ သို့မဟုတ် လုပ်ငန်းအစီအစဉ်တစ်ခုခုကို ပြန်လည်ပြင်ဆင်မှု ရှင်းလင်းမှုများ အနည်းငယ် လုပ်ဆောင်ရန် လိုအပ်သည့် ယာယီခွင့်ပြုထားသည့် အသေးစားစီမံကိန်းလျှောက်လွှာ။ | |
| ၃။ အသေးစားစီမံကိန်းလျှာက်လွှာကို အတည်ပြုရန် ငြင်းဆိုထားပြီး ငြင်းဆိုရသည့်အကြောင်းကို ရှင်းပြကာ အသေးစားစီမံကိန်းလျှောက်လွှာအသစ်ကို အမြန်ပြန်လည်ရေးဆွဲကာ ပြန်လည်လျှောက်ထား ရန် ဆုံးဖြတ်သည့် အသေးစားစီမံကိန်းလျှောက်လွှာ။ | |
| ၄။ အသေးစားစီမံကိန်းလျှောက်လွှာကို အတည်ပြုရန်ငြင်းဆိုထားပြီး လျှောက်ထားသူကို ထပ်မံလျှောက်ထားရန် မတိုက်တွန်းတော့သည့် အသေးစားစီမံကိန်းလျှောက်လွှာ။ | |

ပုံမှန်အားဖြင့် အသေးစားစီမံကိန်းလျှောက်လွှာစီစစ်ရေးအဖွဲ့အနေဖြင့် အားလုံးသဘောတူညီမှု ရသည်အထိ ညှိနှိုင်းကာ ဆုံးဖြတ်ချက်ချရပါမည်။ သို့သော်လည်း အားလုံးသဘောတူမှုရ သည်အထိညှိနှိုင်းရန် ဖြစ်နိုင်ချေ မရှိပါက အဖွဲ့ဝင်၂ ဦး၏ ဆုံးဖြတ်ချက်ဖြင့် အများသဘောတူမှု သဘောတရားအရဆုံးဖြတ်နိုင်သည်။

*Micro-grant Format#5*

# <u>သဘောတူညီမှုစာချုပ်ပုံစံအကြမ်း</u>

ဤသဘောတူညီမှုစာချုပ်သည် ဒေသခံအဖွဲ့အစည်း (NNGO) (..................................)နှင့် (................................) ရပ်ရွာလူထုအဖွဲ့များ အကြားတွင် အကူအညီပေးသည့် အတည်ပြုချက်ရရှိထားသည့် အသေးစားစီမံကိန်းကို အကောင်အထည်ဖော်ရန် နှစ်ဖက်သဘာတူညီထားသည့် သဘောတူညီမှုစာချုပ် ဖြစ်သည်။

၁။ ဤသဘောတူစာချုပ်တွင် ဒေသခံအဖွဲ့အစည်းအနေဖြင့် အောက်ပါ အချက်များကို လုပ်ဆောင်ရန် လက်မှတ်ရေးထိုးပါသည်။

က။ ရပ်ရွာလူထု၏ထည့်ဝင်မှုကို အလေးအနက်အသိအမှတ်ပြုမည်။ (ဥပမာ - လုပ်အား၊ ပစ္စည်းထည့်ဝင်မှု၊ ငွေသားထည့်ဝင်မှု)

ခ။ ရပ်ရွာလူထုအကျိုးပြုလုပ်ငန်းအတွက်အကူအညီပေးသည့် ရံပုံငွေ.............................ကျပ်ကို .......................................................အဖွဲ့အား .................................................................... ခွင့်ပြုပေးထားသည့် အဆိုပြုလွှာပါ လုပ်ငန်းအစီအစဉ်နှင့် ရံပုံငွေအတိုင်း လုပ်ငန်းကိုအကောင်အထည်ဖော်ရန် ထောက်ပံ့ ပေးအပ်မည်။

ဂ။ အတည်ပြုခွင့်ပြုချက်ကျထားသည့် ရံပုံငွေကို ဤစာချုပ်တွင်လက်မှတ်ရေးထိုးပြီး ............ရက်အတွင်း လွှဲပြောင်းပေးအပ်မည်။

ဃ။ လွယ်ကူရိုးစင်းသည့် အသုံးစရိတ်မှတ်တမ်းစာအုပ်များ၊ ငွေစာရင်းစာအုပ်များ၊ ငွေလက်ခံဖြတ်ပိုင်းများကို ထောက်ပံ့ပေးအပ်မည်။

င။ ကိုက်ညီဆီလျော်မှုရှိသော ငွေကြေးနှင့်စီမံကိန်းစီမံခန့်ခွဲမှုသင်တန်းများကို လိုအပ်သလို ပို့ချပေးမည်ဖြစ်သည်။

စ။ စီမံကိန်းအကောင်အထည်ဖော်စဉ်ကာအတွင်း ရပ်ရွာလူထုက အကူအညီတောင်းခံခဲ့လျှင် အကြံဉာဏ်များပေးကာ ကူညီမည်။

ဆ။ နောက်နောင်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် စီမံကိန်းပြီးဆုံးချိန်တွင် အကောင်အထည်ဖော်မည့်အဖွဲ့နှင့် ရပ်ရွာလူထုများပါဝင်သည့် စီမံကိန်း ရလဒ်များကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် နောက်နောင်တွင် အသုံးချသင့်သည့် ကောင်းမွန်သော နည်းလမ်းများ လုပ်ငန်းအတွေ့အကြုံများကို လေ့လာမျှဝေခြင်းကို လုပ်ဆောင်မည် ဖြစ်သည်။

၂။ ဤစာချုပ်ကိုလက်မှတ်ရေးထိုးပြီးသည့်အချိန်မှစတင်၍ ယခုစီမံကိန်းကိုအကောင်အထည်ဖော်ဆောင်ရွက်သည့်အဖွဲ့၏ ကိုယ်စားလှယ်များအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များကို လိုက်နာမည်ဖြစ်သည်။

က) အဆိုပြုလွှာပါ စီမံကိန်းလုပ်ငန်းအားလုံးကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပြီး ငွေကြေးသုံးစွဲမှုများကိုလည်း ပူးတွဲပါ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေကြေးသုံးစွဲမှုစီမံချက်များအတိုင်း လိုက်နာသုံးစွဲရမည် ဖြစ်သည်။

ခ) NNGOများထံမှ လိုအပ်လျှင်လိုအပ်သလို အကူအညီများ၊ အကြံပြုချက်များကို အကူအညီတောင်းခံနိုင်သည်။

ဂ) ပူးတွဲပါ ***"ရပ်ရွာလူထုများမှ ပစ္စည်းဝယ်ယူရာတွင် အသုံးပြုရမည့် လမ်းညွှန်ချက်များ"***နှင့် ***"ငွေစာရင်းထိန်းသိမ်းမှု လမ်းညွှန်ချက်များ"***ကို လိုက်နာရမည်ဖြစ်သည်။

ဃ) လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် ငွေကြေးသုံးစွဲမှုအားလုံးကိုလည်း တာဝန်ခံတာဝန်ယူပြီး ရပ်ရွာလူထု အားလုံးမှ ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ သတင်းပေးတိုင်ကြားနိုင်မှုစနစ်ကိုလည်း ကောင်းမွန်အောင်ဆောင်ရွက်ထားရမည်ဖြစ်သည်။

င) စီမံကိန်းအကောင်အထည်ဖော်ရာတွင် လုပ်ငန်းစီမံချက်နှင့် ငွေကြေးသုံးစွဲမှုစီမံချက်များကို ပြောင်းလဲလုပ်ကိုင်လိုပါက သက်ဆိုင်ရာ NNGOများထံအကြောင်းကြားကာ ရပ်သူရွာသားအားလုံး ပါဝင်၍ ဘတ်ဂျက်အသစ် ရေးဆွဲပြီး လုပ်ငန်းစီမံချက်နှင့်အတူတင်ပြကာ လုပ်ဆောင်နိုင်သည်။

စ) အခက်အခဲကြုံတွေ့နေသည့် သာမန် ရပ်ရွာလူထုများကိုသာ အကူအညီပေးပါမည်။

ပူးတွဲဖော်ပြပါ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံနှင့် ဘောက်ချာများပါဝင်သောငွေကြေးသုံးစွဲမှုအစီရင်ခံစာကို ရေးသားရမည့် လမ်းညွှန်ချက်များအတိုင်း ရပ်ရွာလူထုများအား ဦးစွာတင်ပြရမည်ဖြစ်ပြီး သက်ဆိုင်ရာ NNGO များထံသို့ စီမံကိန်းပြီးဆုံးကြောင်းအစီခံစာကို ………………. ရက်ထက် နောက်ကျခြင်း မရှိပဲ တင်ပြမည်ဖြစ်သည်။

**NNGOများ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်အဖွဲ့နှင့် သက်သေများ၏ လက်မှတ် လိပ်စာအတွက် နေရာချန်ထားပါ။**

*Micro-grant Format#6*

**စာချုပ်နှင့်ပူးတွဲဖော်ပြရန်**

**<u>ရပ်ရွာလူထုများမှ ငွေစာရင်းထိန်းသိမ်းခြင်းအတွက် အသုံးပြုရမည့် လမ်းညွှန်ချက်များ</u>**

၁။ ငွေလက်ခံပြေစာ၊ နှင့် မိဘိုင်းနှင့်ကေပေး လက်ခံ စခရင်ရှော့များကို ငွေရလျှင်ရခြင်း၊ ချက်ခြင်းပေးပို့ပါရန်။

<table>
<tr><td colspan="2">

ငွေလက်ခံရရှိကြောင်း အသိအမှတ်ပြု လက်ခံဖြတ်ပိုင်း

**နေ့စွဲ -**

**ကျွန်တော်/ကျွန်မ သည် ______________________ (xxx) ထံမှ အောက်ဖော်ပြပါ ငွေကိုလက်ခံရရှိပါသည်။**<br>
**လက်ခံရရှိသည့်ငွေပမာဏ - ကျပ် ______________________**<br>
**(စာဖြင့်) ______________________**<br>
**အကြောင်းအရာ -**

..........................................................................................................................................................<br>
..........................................................................................................................................................<br>
.....................................................................................

</td></tr>
<tr><td>

***ငွေပေးချေသူ***<br>
***လက်မှတ်***

***အမည် -***

***ရာထူး/တာဝန် -***

**ဖုန်းနံပါတ် -**

</td><td>

***ငွေလက်ခံရရှိသူ***<br>
***လက်မှတ်***

***အမည် -***

***ရာထူး/တာဝန် -***

**ဖုန်းနံပါတ် -**

</td></tr>
</table>

၂။ ငွေပမာဏနည်းသည်ဖြစ်စေများသည်ဖြစ်စေ အသုံးစရိတ်အားလုံးကို အောက်ပါဇယားအတိုင်း ရိုးရှင်းစွာ မှတ်တမ်းပြုစုထားရမည်။ (မှတ်ချက် - ပေးထားသောဇယားတွင် အဝင်ငွေစာရင်းစာတိုင်ပါရှိပြီး လုပ်ဆောင်သည့် လုပ်ငန်းနှင့်ပါတ်သက်၍ အလှူရံပုံငွေအပါအဝင်၊ အခြားထည့်ဝင်ငွေများ (ရှိခဲ့လျှင်) ကိုပါ ရေးသွင်းရန်ဖြစ်သည်။

| နေ့စွဲ | အကြောင်းအရာ | ဝင်ငွေ (ကျပ်) | ထွက်ငွေ (ကျပ်) | လက်ကျန် | ဘောက်ချာ နံပါတ် |
|---|---|---|---|---|---|
| | ............ အဖွဲ့ထံမှရရှိသည့်ရံပုံငွေ | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| စုစုပေါင်း | | | | | |

၃။ သုံးစွဲသည့် မည်သည့်အသုံးစရိတ်မဆို ရောင်းချသူထံမှ ငွေလက်ခံဖြတ်ပိုင်းရရှိအောင် တောင်းခံပါ။ မြန်မာကျပ်ငွေ (………………..) ကျပ်နှင့်အထက် ငွေသုံးစွဲမှုများအတွက် ငွေလက်ခံဖြတ်ပိုင်းရရှိအောင် တောင်းခံရမည်ဖြစ်သည်။ ကောင်းမွန်ပြည့်စုံသည့် ငွေလက်ခံဖြတ်ပိုင်းတွင် အောက်ပါ သတင်းအချက်အလက်များပါရှိရမည်။

| |
|---|
| ရောင်းချသူ (သို့မဟုတ်) ဝန်ဆောင်မှုပေးသူ၏ အမည်နှင့်နေရပ်လိပ်စာ ……………………… |
| ငွေပေးချေသည့်နေ့စွဲ …………………… |
| ဝယ်ယူသည့်ပစ္စည်းအမျိုးအမည် သို့မဟုတ် ဂန်ဆောင်မှုအမျိုးအစား |
| ………………………………………………………………………………………………………………………………………… |
| ………………………………………………………………………………… |
| ဝယ်ယူသည့်ပစ္စည်းအမျိုးအမည် သို့မဟုတ် ဂန်ဆောင်မှုအမျိုးအစား၏ ဈေးနှုန်းနှင့် အရေအတွက် ………………………………… |
| စုစုပေါင်းကျသင့်ငွေ - ……………………………………………… |
| ရောင်းချသူ (သို့မဟုတ်) ဝန်ဆောင်မှုပေးသူ၏ ဆိုင်လိပ်စာ၊ တံဆိပ်တုံး (ရှိပါက) |

၄။ အကယ်၍ အသုံးစရိတ်များအတွက် ငွေလက်ခံဖြတ်ပိုင်းမရရှိလျှင် NNGOကပေးအပ်ထားသည့် ပေးငွေပြေစာ သို့မဟုတ် ငွေစာရင်းစာအုပ်ကို အသုံးပြု၍ ဖြည့်သွင်းထိန်းသိမ်းထားရမည်။

၅။ အစီအစဉ်ရေးဆွဲထားသော အသုံးစရိတ်တစ်ခုချင်းစီအတွက် (………………ကျပ်) အထက်ကျော်လွန်လျှင် ရောင်းချသူသုံးဦးထံမှ ဈေးနှုန်းကောက်ခံယူခြင်းနှင့်သက်ဆိုင်သောပုံစံများကို ရယူရမည်ဖြစ်ပြီး အဖွဲ့၏ အစီရင်ခံစာနှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ရောင်းချသူသုံးဦးမှ မည်သူ့ကို ရွေးချယ်ပြီး သဘောတူစာချုပ်ချုပ်ဆိုမည်ကို ဆုံးဖြတ်ရမည် ဖြစ်သည်။ ဈေးနှုန်းအနည်းဆုံးပေါ်မူတည်ပြီး ရောင်းချသူများကို ရွေးချယ်ရန်မလိုအပ်ပါ။ (ဥပမာ- ဈေးနှုန်းနည်းလျှင်လည်း အရည်အသွေးညံ့ဖျင်း တတ်သည်။) သို့ရာတွင် ရောင်းချသူသုံးဦးမှ တစ်ဦးကို ရွေးချယ်ရာတွင် ရွေးချယ်ရသည့် အကြောင်းအရင်းကို အဖွဲ့၏ နောက်ဆုံးအစီရင်ခံစာတွင် ထည့်သွင်း ရေးသွင်းရမည်ဖြစ်သည်။

**<u>ငွေစာရင်းအသုံးစရိတ်အစီအရင်ခံစာ (ငွေစာရင်းဆိုင်ရာ)</u> (စာချုပ်ချုပ်ဆိုစဉ်ရှင်းလင်းပြောပြရန်)**

*အစီအစဉ်ရေးဆွဲထားသော ငွေစာရင်းနှင့် အမှန်တကယ်အသုံးပြုထားသော အသုံးစရိတ်များပေါ်မူတည်ပြီး အောက်ပါ ဇယားအတိုင်းပြုလုပ်ပြီး ဖြည့်သွင်းပါ။ အသုံးစရိတ်များပါက စာမျက်နှာ တစ်မျက်နှာထက် ပိုများနိုင်ပါသည်။*

| ငွေကြေးသုံးစွဲသည့်နေ့စွဲ | ဝယ်ယူသည့်ပစ္စည်း/ ဝန်ဆောင်မှု အမျိုးအစား | ဆိုင်/ ရောင်းချသူ၏ အမည် | ဘောက်ချာနံပါတ် | ကျသင့်ငွေပေါင်း (ကျပ်) |
|---|---|---|---|---|
| | | | | |
| | | | | |
| | | | | |
| | | | | |
| | | | | |
| **အမှန်တကယ် အသုံးစရိတ်စုစုပေါင်း** | | | | |
| **မူလရေးဆွဲထားသော အသုံးစရိတ်စုစုပေါင်း** | | | | |
| **အခြားရရှိငွေစုစုပေါင်း** | | | | |
| **လက်ကျန်** | | | | |

၁။ မူလငွေကြေးသုံးစွဲမှုစီမံချက်ထက် အမှန်တကယ် အသုံးစရိတ်ကျော်လွန်ပါက သင်ကျော်လွန်သော ပမာဏကို မည်ကဲ့သို့ ပေးချေပါသလဲ။

၂။ အမှန်တကယ်အသုံးစရိတ်သည် ရရှိသည့်ရံပုံငွေမပမာဏထက်နည်းပါက ထိုပိုလျှံသောလက်ကျန်ကို မည်ကဲ့သို့ သုံးစွဲပါသလဲ။

၃။ စီမံကိန်းအတွက် ငွေကြေးသုံးစွဲမှု တွက်ချက်ခြင်းအစီအစဉ်များတွင် အဖွဲ့အနေဖြင့် မည်သည့်အရာများကို သင်ယူရရှိပါသလဲ။ နောက်တစ်ကြိမ်စီမံကိန်းပြန်လည် အကောင်အထည် ဖော်မည်ဆိုပါက အဖွဲ့အနေဖြင့် သင်၏ငွေကြေးတွက်ချက်မှုကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန် မည်သည့်အရာများကို လုပ်ဆောင်ရန်လိုအပ်ပါသလဲ။

၄။ လက်ခံရရှိသည့်ရံပုံငွေကို စီမံခန့်ခွဲမှုလုပ်ဆောင်ရာမှ ငွေစာရင်းထိန်းသိမ်းမှု၊ အသုံးစရိတ်များနှင့် သက်ဆိုင်သည့် မည်သည့်သင်ယူမှုမျိုးရရှိခဲ့ပါသလဲ။ နောက်တကြိမ်လုပ်ဆောင်ရန် အခွင့်အရေးရလျှင် ငွေကြေးစီမံခန့်ခွဲမှုနှင့်ပါတ်သက်၍ ယခင်လုပ်ဆောင်မှုနှင့်မတူခြားနားသည့် ပြောင်းလဲလုပ်ဆောင်မည့် လုပ်ငန်းစနစ်များရှိပါသလား။

၅။ သင့်အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန် အသေးစားစီမံကိန်းရံပုံငွေ ရေးဆွဲခြင်း သို့မဟုတ် ငွေကြေးစီမံခန့်ခွဲခြင်းတို့နှင့်ပါတ်သက်သည့် ထပ်မံတက်ရောက်လိုသည့် သင်တန်း သို့မဟုတ် စွမ်းရည်မြင့်သင်တန်း များရှိပါသလား။

*Micro-grant Format#8*

<u>လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာ ရေးသားရန်အတွက်လမ်းညွှန်ချက်များ </u>**(စာချုပ်ချုပ်ဆိုစဉ်ရှင်းလင်းပြောပြရန်)**

အောက်ပါလမ်းညွှန်ချက်များကို လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာရေးရာတွင် အသုံးပြုပါ။

ပထမဦးစွာတင်ပြလိုသည်မှာ ဤလုပ်ငန်းပြီးဆုံးကြောင်း အစီရင်ခံစာရေးသားခြင်းဖြင့် အသေးစားစီမံကိန်းကို တာဝန်ယူအကောင်အထည်ဖော်သည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းမှ အဖွဲ့သားများအနေဖြင့် စီမံကိန်းကာလ တစ်လျှောက် လုပ်ဆောင်ခဲ့သည့် လုပ်ငန်းအစီအစဉ်ရေးဆွဲမှုနှင့် လက်တွေ့အကောင်အထည်ဖော်မှု အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ ထိုအတွေ့အကြုံများမှ သခ်ၤန်းစာယူကာ နောင်တွင်ဆက်လက်လုပ်ဆောင်မည့် အလားတူစီမံကိန်းမျိုး၊လုပ်ငန်းမျိုးကို ယခုအကြိမ်ထက်ပိုမို ကောင်းမွန်အောင် လုပ်ဆောင်သွားနိုင်ရန်ရည်ရွယ်ပေသည်။ ဤအစီရင်ခံစာ ရေးသားခြင်းဖြင့် သင်တို့အနေဖြင့် သင်တို့၏ ရပ်ရွာအတွက် အကျိုးပြုလုပ်ငန်းများကို အထူးကြိုးစား လုပ်ဆောင်သည့် အတွေ့အကြုံများကို ပြန်လည်သုံးသပ်ကာ သင်ခန်းစာယူနိုင်သည့် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အောက်ပါမေးခွန်းများသည် များစွာ အထောက်အကူဖြစ်စေပါသည်။

ကျွန်ုပ်တို့ဒေသခံလူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများအနေနှင့်လည်း မိမိတို့လုပ်ဆောင်သည့် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံများမှသင်ယူလိုပြီး အခြားသူများအားမျှဝေပေးရန် စိတ်ဝင်စားသည့် အဖွဲ့များအား ဆက်လက်ကူညီလက်တွဲ ဆောင်ရွက်သွားရန် စိတ်ဝင်စားမှုရှိပါသည်၊ ဤသို့ဟန်ချက်ညီညီ လုပ်ဆောင်ခြင်းဖြင့် အကူအညီလိုအပ်နေသည့် ရပ်ရွာလူထုများအား ပိုမိုကောင်းမွန်စွာဖြင့် အကူအညီပေးနိုင်မည်ဖြစ်ပါသည်။

==============================================

အဖွဲ့ငယ် (သို့မဟုတ်) အဖွဲ့အစည်းအမည် ....................................

အစီရင်ခံစာပေးပို့သည့်နေ့စွဲ - ..................

အမှန်တကယ်လုပ်ဆောင်သည့်လုပ်ငန်းများ

၁။ အဖွဲ့အစည်းက အမှန်တကယ်လုပ်ဆောင်သည့်လုပ်ငန်းများနှင့်လုပ်ငန်းပြီးဆုံးသည့်နေ့စွဲကို ဖော်ပြပေးပါရန်။

၂။ လုပ်ငန်းပြီးစီးမှုအခြေအနေကို ရေးသားဖော်ပြပါ။

- **လုပ်ငန်းများကိုလက်တွေ့လုပ်ဆောင်ရာမှာ ကြိုတင်ရေးဆွဲထားသည့်လုပ်ငန်းအစီအစဉ်အတိုင်း ဖြစ်လာပါ သလား?**
- **လုပ်ငန်းအစီအစဉ်အတိုင်းမဖြစ်လာသော လုပ်ငန်းများရောရှိပါသလား? ရှိလျှင်အဘယ့်ကြောင့်နည်း? မရှိလျှင်လည်း အဘယ့်ကြောင့်နည်း? ဤအတွေ့အကြုံမှ မည်ကဲ့သို့သောသင်ခန်းစာများ ရရှိပါသလဲ?**
- **ဤရရှိသောသခ်ၤန်းစာအရ နောင်တွင်ဆက်လက်လုပ်ဆောင်မည့် အလားတူလုပ်ငန်းမျိုး လုပ်ဆောင်လျှင် ပိုမိုကောင်းမွန် အောင်မည်ကဲ့သို့လုပ်ဆောင်သွားနိုင်ပါသလဲ?**

၃။ ယခုလုပ်ငန်းများကိုလုပ်ဆောင်ရာမှရရှိသည့် အတွေ့အကြုံများကို သခ်ၤန်းစာယူကာ နောင်တွင်ဆောင်ရွက်မည့် သင်တို့၏ လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်အကောင်အထည်ဖော်မှုများကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ပြောင်းလဲလုပ်ဆောင် သွားရန် ရည်ရွယ်ထား ပါသလဲ?

<u>စီမံကိန်းအကောင်အထည်ဖော်မှုများကြောင့် ရရှိလာသည့် အပေါင်းလက္ခဏာဆောင်သည့် ရလာဒ်များ</u>

(အပေါင်းလက္ခဏာဆောင်သည့် ရလာဒ်အမျိုးစားများသည် အရေးပေါ်အသက်ရှင်သန်ရေး၊ ပြန်လည်ထူထောင်ရေး၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ အခြားအဖွဲ့များနှင့်အဆက်အသွယ်ရရှိခြင်း၊ အတွေးအခေါ်ကောင်းလာစေသည့် ဗဟုသုတများ ရရှိခြင်း စသည့် အချင်းအရာများ ဖြစ်နိုင်ပါသည်။)

၄။ ဤစီမံကိန်းလုပ်ငန်း၏ ရလာဒ်များသည် ရပ်ရွာလူထုများအား မည်သည့်ပြောင်းလဲမှုများကို ဖြစ်ပေါ်ပါသလဲ? အပေါင်းလက္ခဏာဆောင်သည့် ရလာဒ်များရှိပါလျှင် အဖြစ်နိုင်ဆုံး အသေးစိတ်နှင့် တိတိကျကျ ဖော်ပြပေးပါရန်။

၅။ အမှန်တကယ်တွေ့ရှိရသည့် အပေါင်းလက္ခဏာဆောင်သည့် ရလာဒ်များသည် သင်တို့ရေးဆွဲထားသည့် အသေးစားအဆိုပြုလွှာတွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များနှင့် ကွာခြားမှုရှိပါသလား? ဤတွေ့ရှိချက်မှမည်သည့် သင်ခန်းစာများ ရရှိပါသလဲ?

၆။ ဤအပေါင်းလက္ခဏာဆောင်သည့်ရလာဒ်များကို ရပ်ရွာလူထုအတွင်း မိသားစုမည်မျှ ၊ လူဦးရေမည်မျှအား အကျိုးရှိစေပါသလဲ? အပေါင်းလက္ခဏာဆောင်သည့် ရလာဒ်များသည် သင်၏မူလ စီမံကိန်းလုပ်ငန်းအစီအစဉ်အရ ကြိုတင်မျှော်မှန်းချက်ထက် ပိုမိုနေပါသလား သို့မဟုတ် လျော့နည်း နေပါသလား? အကယ်၍ ကွဲပြားခြားနားမှုရှိနေခဲ့ပါလျှင် အဘယ့်ကြောင့်ပါနည်း? ဤကွဲပြားခြားနားမှုမှ မည်ကဲ့သို့သောသင်ခန်းစာမျိုးရရှိပါသလဲ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ပိုမိုထိရောက် အောင်မြင်မှုရအောင် မည်ကဲ့သို့လုပ်ဆောင်ပါမည်လဲ?

<u>မျှော်မှန်းမထားသည့်ရလာဒ်များ</u>

၇. ယခုလုပ်ဆောင်သည့် လူထုဦးဆောင်သည့် အသေးစားစီမံကိန်းမှ မျှော်မှန်းမထားသည့် အနှုတ်လက္ခဏာဆောင်သော အကျိုးဆက်ရလာဒ်များ ရှိပါသလား? အကယ်၍ရှိခဲ့ပါလျှင်ဖော်ပြပေးပါရန်? အနှုတ်လက္ခဏာဆောင်သော အကျိုးဆက်ရလာဒ်များ အဘယ့်ကြောင့်ဖြစ်ပေါ်လာတာပါလဲ? ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းများတွင် ဤကဲ့သို့သော အကျိုးဆက်များကို သင်တို့အဖွဲ့အနေဖြင့် မည်ကဲ့သို့ ရှောင်ကွင်းသင့်ပါသလဲ?

**<u>ထပ်ဆောင်းရရှိသည့်သင်ခန်းစာများ</u>**

**၈.** ယခုလုပ်ဆောင်သည့် လူထုဦးဆောင်သည့် အသေးစားစီမံကိန်းအတွေ့အကြုံမှမည်ကဲ့သို့သော ထပ်ဆောင်းသင်ခန်းစာမျိုး ရရှိပါသလဲ? အကယ်၍ သင်ခန်းစာရရှိခဲ့ပါက ထိုအတွေ့အကြုံက သင့်ကို ဘာတွေသင်ကြားပေးပါသလဲ၊ ထို့အပြင် သင့်ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းများအပေါ် ဘယ်လိုသက်ရောက်မှုမျိုး ရှိနိုင်ပါသလဲ?

၉. သင့်အဖွဲ့၏စွမ်းဆောင်ရည်ပိုမိုမြင့်မားလာစေရန် အထက်ပါအတွေ့အကြုံကို အခြေခံ၍ စီမံကိန်း အစီအစဉ်ရေးဆွဲခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းလုပ်ငန်းစဉ်များကို စီမံခန့်ခွဲခြင်း စသည်တို့နှင့် ပတ်သက်သည့် ထပ်ဆောင်းသင်တန်းများ သို့မဟုတ် စွမ်းရည်မြှင့်တင်မှု အစီအစဉ်များ လိုအပ်မှုများ ထွက်ပေါ်လာပါသလား? ထွက်ပေါ်လာသည်ဟုဆိုလျှင် ဖော်ပြပေးပါရန်?

၁၀. လူထုဦးဆောင်သည့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပေးရာတွင် လက်ရှိအထောက်အကူ ပေးမှုများကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့လုပ်ဆောင်နိုင်သည်ကို သင်တို့အဖွဲ့အား အကူအညီပေးနေသည့် ဒေသခံ လူမှုဖွံ့ဖြိုးရေးအဖွဲ့ (NNGO) အား မည်သည့်အကြံဉာဏ်မျိုးပေးလိုပါသလဲ?